# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

September 20 , 2023 Volume 70, Number 14


၂၀.၉.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၃၁ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၄၆.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၀.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၉၈.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၅၈.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၈၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၈၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၈.၂၂ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၈.၁၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၂၆၉ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## (၂၀) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲ စတုတ္ထနေ့တွင် မြန်မာနိုင်ငံမှ ဆက်လက်ပါဝင်ပြသ




တရုတ်နိုင်ငံ၊ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်နင်းမြို့တွင် (၂၀) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲ စတုတ္ထနေ့နှင့် နောက်ဆုံးနေ့အဖြစ် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် ဆက်လက်ကျင်းပလျက်ရှိရာ မြန်မာကုန်စည်ပြခန်းဆောင်တွင် မြန်မာနိုင်ငံမှ ပြခန်းပေါင်း ၈၀ ဖြင့် ဆက်လက်ပါဝင်ပြသလျက်ရှိပါသည်။

မြန်မာကုန်စည်ပြခန်းများတွင် ဆန်၊ ပဲအမျိုးမျိုး၊ ပြောင်း၊ နှမ်း၊ ထောပတ်သီးစသည့် လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများ၊ လက်မှုအနုပညာပစ္စည်းများ၊ အဝတ်အထည်၊ စားသောက်ကုန်နှင့် မြန်မာ့ကျောက်မျက် လက်ဝတ်ရတနာပစ္စည်းများကို ခင်းကျင်းပြသရောင်းချလျက်ရှိပါသည်။

အဆိုပါကုန်စည်ပြပွဲ၏ စတုတ္ထနေ့တွင်လည်း ယခင်နေ့များကဲ့သို့ မြန်မာကုန်စည်ပြခန်းများ၌ မြန်မာ့ထုတ်ကုန်ပစ္စည်းများကို စိတ်ဝင်တစား လာရောက်လေ့လာကြည့်ရှုသူများ၊ ကြိုက်နှစ်သက်၍ ဝယ်ယူအားပေးကြသူများဖြင့် စည်ကားလျက်ရှိပါသည်။

မြန်မာကုန်စည်ပြခန်းဆောင်ရှိ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ စီးပွားရေးတွေ့ဆုံပွဲများကျင်းပသည့်နေရာ (Business Matching Area) တွင် မြန်မာနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်လိုသည့် တရုတ်လုပ်ငန်းရှင်များက လာရောက်တွေ့ဆုံ၍

မြန်မာ-တရုတ် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများအား မေးမြန်းဆွေးနွေးခဲ့ကြရာ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

ထို့ပြင် အဆိုပါကုန်စည်ပြပွဲ၏ နှစ်လိုဖွယ်ရာမြို့ ပြခန်းဆောင်၌ မြန်မာနိုင်ငံ၏ နှစ်လိုဖွယ်ရာမြို့ (City of Charm)အဖြစ် မန္တလေးမြို့၏ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကို ပါဝင်ပြသထားပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုအကအလှများဖြင့် ကပြဖျော်ဖြေလျက်ရှိရာ စိတ်ပါဝင်စား၍ လာရောက်လေ့လာကြည့်ရှုသူများဖြင့် စည်းကားလျက်ရှိကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%

## ၂၀၂၃ ခုနှစ် ဩဂုတ်လအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှတစ်ဆင့် ပြည်ပသို့ဆန်တန်ချိန် ၃၁၃၅၀ ကျော် တင်ပို့ခဲ့ပြီး အီးယူအဖွဲ့ဝင်နိုင်ငံများသို့ ဆန်တန်ချိန် ၁၂၆၂၀ ကျော်ဖြင့် အများဆုံးဖြစ်

၂၀၂၃ ခုနှစ် ဩဂုတ်လအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှတစ်ဆင့် ပြည်ပသို့ဆန်တန်ချိန် ၃၁၃၅၀ ကျော်တင်ပို့ခဲ့ပြီး အီးယူအဖွဲ့ဝင်နိုင်ငံများသို့ ဆန်တန်ချိန် ၁၂၆၂၀ ကျော်ဖြင့် အများဆုံးဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။

ဩဂုတ် ၁ ရက်မှ ၃၁ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဒေါ်လာ ၁၆ ဒသမ ၀၅၆ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၃၁၃၅၀ ကျော်တင်ပို့ခဲ့ကြောင်း သိရသည်။ ဆန်တင်ပို့မှုအနေဖြင့် အီးယူအဖွဲ့ဝင် နိုင်ငံများသို့ ဆန်တန်ချိန် ၁၂၆၂၀ ကျော်နှင့် အာရှနိုင်ငံများသို့ဆန်တန်ချိန် ၁၈၇၂၀ ကျော် တင်ပို့နိုင်ခဲ့သည်။

မြန်မာနိုင်ငံမှ ဆန်တင်ပို့သောနိုင်ငံများအနက် အာရှတွင် ဖိလစ်ပိုင်နိုင်ငံသို့တန် ၁၆၀၇၀၊ မလေးရှားနိုင်ငံသို့ တန် ၁၁၃၀၊ အရှေ့တီမောနိုင်ငံသို့ ဆန်တန်ချိန် ၁၀၄၀၊ ဟောင်ကောင်သို့ ဆန်တန်ချိန် ၃၁၀ ကျော်နှင့် စင်ကာပူနိုင်ငံသို့ ဆန် ၁၇၄ တန် တင်ပို့သည်။ အီးယူအဖွဲ့ဝင်နိုင်ငံများဖြစ်သော စပိန်နိုင်ငံသို့ ဆန် ၂၇၅၀ တန်၊ ပိုလန်နိုင်ငံသို့ ဆန် ၁၉၂၅ တန်၊ ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်၁၅၂၅ တန်၊ အီတလီနိုင်ငံသို့ ဆန်တန်ချိန် ၁၀၀၀၊ ဂရိနိုင်ငံသို့ ဆန် ၈၂၅ တန်၊ ယူနိုက်တက်ကင်းဒမ်းသို့ ဆန်တန်ချိန် ၆၅၀၊ ချက်နိုင်ငံသို့ ဆန် ၆၀၆ တန်၊ ပေါ်တူဂီနိုင်ငံသို့ ဆန်တန်ချိန် ၆၀၀၊ တူကီယေးနိုင်ငံသို့ ဆန်တန်ချိန် ၅၀၀၊ ဘူလ်ဂေးရီးယားနိုင်ငံသို့ ဆန် တန်ချိန် ၃၉၀၊ ခရိုအေးရှားနိုင်ငံသို့ ဆန် ၃၇၇ တန်၊ ပြင်သစ်နိုင်ငံသို့ ဆန် ၃၂၅ တန်၊ ဂျာမနီနိုင်ငံသို့ ဆန် ၃၂၄ တန်၊ နယ်သာလန်နိုင်ငံသို့ ဆန်တန်ချိန် ၂၅၀၊ ရိုမေးနီးယားနိုင်ငံသို့ ဆန် ၂၀၈ တန်၊ ဆလိုဗက်ကီးယားသို့ ဆန် ၁၂၅ တန်၊ အက်စတိုးနီးယားနိုင်ငံသို့ ဆန် ၁၇၅ တန်နှင့် လက်ဘနွန်နိုင်ငံသို့ ဆန်တန်ချိန် ၇၀ ကျော်တင်ပို့ခဲ့သည်။

အဆိုပါကာလအတွင်း မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုမှ ဆန်တန်ချိန်၈၂၀ ကျော်တင်ပို့ပြီး တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၃၇၀ သန်းရရှိသည်။ နည်းလမ်းနှစ်သွယ်မှ ဆန်တင်ပို့ တန်ချိန် ၃၂၁၇၀ ကျော်ရှိပြီး တန်ဖိုးအမေရိကန်ဒေါ်လာ ၁၆ ဒသမ ၄၂၆ သန်းရရှိသည်။ ယခင်လဆန်တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ဆန်တန်ချိန် ၉၀၀၀ ကျော် ပိုမိုတင်ပို့ခဲ့သည်။

ဩဂုတ် ၁ ရက်မှ ၃၁ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဒေါ်လာ ၁၁ ဒသမ ၁၁၄ သန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၂၅၄၆၀ ကျော်တင်ပို့နိုင်ပြီး တင်ပို့မှုအနေဖြင့် အီးယူအဖွဲ့ဝင်နိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၄၇၅၀ နှင့် အာရှနိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၂၀၇၁၀ ကျော် တင်ပို့နိုင်ခဲ့သည်။ ဆန်ကွဲတင်ပို့မှုအနေဖြင့် အာရှနိုင်ငံများတွင် တရုတ်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၁၃၂၃၀၊ ဖိလစ်ပိုင်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၅၃၃၀၊ ဗီယက်နမ်နိုင်ငံသို့ ၂၀၃၀ တန်နှင့် စင်ကာပူနိုင်ငံသို့ ဆန်ကွဲ ၁၂၅ တန် တင်ပို့ခဲ့သည်။ အီးယူအဖွဲ့ဝင်နိုင်ငံများအနက် ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်ကွဲ ၂၃၇၅ တန်၊ ချက်နိုင်ငံသို့ ဆန်ကွဲ ၅၇၅ တန်၊ နယ်သာလန်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၅၀၀၊ ပိုလန်နိုင်ငံသို့ ဆန်ကွဲ ၃၇၅ တန်၊ အီတလီနိုင်ငံသို့ ဆန်ကွဲ ၃၇၅ တန်၊ လစ်သူရေးနီးယားနိုင်ငံသို့ဆန်ကွဲတန်ချိန် ၃၀၀နှင့် စပိန်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၅၀ တင်ပို့သည်။

ဩဂုတ်လအတွင်း မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုမှ ဒေါ်လာ ၁ ဒသမ ၅၄၀ သန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၃၉၂၉ တင်ပို့ခဲ့သည်။ နည်းလမ်းနှစ်သွယ်မှ ဆန်ကွဲတင်ပို့မှုတန်ချိန် ၂၉၃၉၀ ကျော်တင်ပို့ပြီး တန်ဖိုးဒေါ်လာ ၁၂ ဒသမ ၆၅၄ သန်းရရှိသည်။ ယခင်လဆန်ကွဲတင်ပို့မှုနှင့်နှိုင်းယှဉ်ပါက တန်ချိန် ၅၀၀၀ ကျော် လျော့နည်းတင်ပို့ခဲ့သည်။

ဩဂုတ်လအတွင်း ဆန်နှင့်ဆန်ကွဲတင်ပို့မှု စုစုပေါင်းတန်ချိန် ၆၁၅၆၀ ကျော်ရှိပြီး တန်ဖိုးဒေါ်လာ ၂၉ ဒသမ ၀၈၀ သန်းရရှိခဲ့သည်။ အနီးစပ်ဆုံးကာလနှင့်နှိုင်းယှဉ်ပါက ဆန်နှင့်ဆန်ကွဲတန်ချိန် ၄၅၀၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/253882

## ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ၅ လတာ ကာလအတွင်း မြန်မာနိုင်ငံမှ ပျားရည်မက်ထရစ်တန်ချိန် ၁၀၀၀ ကျော် တင်ပို့နိုင်ခဲ့

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ၅ လတာ ကာလအတွင်း မြန်မာနိုင်ငံမှ ပျားရည်မက်ထရစ်တန်ချိန် ၁၀၀၀ ကျော် တင်ပို့နိုင်ခဲ့ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပျားမွေးမြူရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးစိုးနိုင်က ဆင်ဟွာသို့ စက်တင်ဘာ ၁၉ ရက်တွင် ပြောသည်။

ဦးစိုးနိုင်က "၅ လတာ ကာလအတွင်း ပျားတင်ပို့မှုကနေ နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ ၁.၇၆ သန်း ဝင်ငွေရရှိပါတယ်။ ပျားကနေ နိုင်ငံတော်အတွက် ဝင်ငွေပိုမိုရရှိဖို့အတွက် ကျွန်တော်တို့ဌာနအနေနဲ့ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့တွေရှိပါတယ်။ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့တွေဆိုတော့ ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ်နဲ့ ထုတ်နိုင်အောင် ဆောင်ရွက်ရပါတယ်။ အဲဒါဆိုရင် ပျားရည်ကဈေးပိုရတယ်။ antibiotic တွေလည်း ပျားရည်ထဲပါမသွားတော့ဘူးပေါ့။တချို့နိုင်ငံတွေက antibiotic ပါရင် Reject လုပ်တာမျိုးရှိပါတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံမှထွက်ရှိသည့် ပျားရည်ကို တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ ၊ တောင်ကိုရီးယားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ အမေရိကန်နိုင်ငံနှင့် စင်ကာပူနိုင်ငံများသို့ တင်ပို့လျက်ကြောင်း၊ ယခုဘဏ္ဍာနှစ်တွင် ပျားရည်ကို ပိုမိုတင်ပို့နိုင်မည်ဟု မျှော်လင့်ထားကြောင်း ပျားမွေးမြူရေးဌာနခွဲမှသိရသည်။ လက်ရှိတွင် ပျားကို စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် မွေးမြူလျက်ရှိကြောင်း သိရသည်။

ဦးစိုးနိုင်က "အခုကာလမှာ ဇီးပန်းတွေ စပြီးပန်းပွင့်နေပြီ။ အဲဒီကနေ ဇီးပျားရည်ထုတ်တာပေါ့။ ဇီးပျားရည်က နိုင်ငံရဲ့ ပျားရည်ထွက်နှုန်းရဲ့ ၆၅ ရာခိုင်နှုန်းလောက်ရှိပါတယ်။ ဖွန်လမှာဆိုရင် နှမ်းပျားရည်ကို စထုတ်ပါတယ်။ နှမ်းပျားရည်ကကျတော့ အထွက်နည်းတယ်။ ဒါပေမဲ့ နှမ်းဝတ်မှုံက ပျားဘုရင်မကို ဥနှုန်းပိုကောင်းစေတယ်။ ပိုဥတယ်။ ပိုဥတဲ့အတွက် ပျားအုံက အင်အားပိုတိုးလာတယ်။ ပျားအင်အားတိုးလာတာနဲ့အမျှ ပျားအုံတွေထပ်ပွားလို့ရတယ်။ ထပ်တိုးလာတဲ့ပျားအုံတွေနဲ့ ဇီးပျားရည်ကို အထွက်နှုန်းတိုးအောင် ဆောင်ရွက်ပါတယ်။ ရာသီအလိုက်ဆိုရင် ပျားတွေက ၂ လတစ်ကြိမ်တော့ ရွှေ့ပြောင်းပါတယ်။ ပျားမွေးမြူသူတွေက တစ်နှစ်ကို အနည်းဆုံး ၅ ကြိမ်၊ ၆ ကြိမ်လောက်တော့နေရာရွှေ့ရပါတယ်" ဟု ဖြည့်စွက်ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် နှစ်စဉ်ပျားရည် တန်ချိန် ၇၀၀၀ ခန့်ထုတ်လုပ်နိုင်ကြောင်း သိရသည်။ ၂၀၂၃ ခုနှစ် ဧပြီလမှ ဇူလိုင်လအထိ ပျားရည်အပါအဝင် မြန်မာနိုင်ငံမှ တိရစ္ဆာန်ထွက်ပစ္စည်းများတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂.၃၀၅ သန်းခန့်ရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော အချက်အလက်များအရ သိရသည်။

မြန်မာနိုင်ငံသည် လယ်ယာထွက်ကုန်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်းများနှင့် စက်မှုကုန်ချောပစ္စည်းများကိုလည်း ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်းသိရသည်။

**Source:** https://xinhuamyanmar.com/news/business/nm-23090190012/

## ထိုင်းနိုင်ငံအတွင်း ကွန်ဒိုဝယ်ယူမှု ထိပ်ဆုံး ၁၀ နိုင်ငံတွင် မြန်မာနိုင်ငံသည် အဆင့် ၈ နေရာ၌ ရပ်တည်လျက်ရှိ

၂၀၂၃ ခုနှစ် ပထမနှစ်ဝက်အတွင်း ထိုင်းနိုင်ငံ၌ ကွန်ဒိုများကို နိုင်ငံသားများ ဝယ်ယူမှုနည်းပါးနေသော်လည်း နိုင်ငံခြားသားများ ဝယ်ယူမှုမြင့်တက်လျက်ရှိကြောင်း တရုတ်နိုင်ငံသားများသည် လွှဲပြောင်းရယူမှု အများဆုံးဖြစ်ကြောင်း အိမ်ခြံမြေသတင်းအချက်အလက်စင်တာ၏ ခေတ္တညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Mr. Vichai Viratkapan က ပြောကြားခဲ့ပါသည်။

ကွန်ဒိုလွှဲပြောင်းရယူမှုတန်ဖိုးသည် ယခင်နှစ် ဒုတိယနှစ်ဝက်အတွင်း အလုံးစုံပြန်လည်ဖွင့်လှစ်လိုက်ခြင်းကြောင့် ဝယ်ယူမှုမြင့်တက်လာခြင်းဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ် ဒုတိယနှစ်ဝက်မှစ၍ ဆက်တိုက်မြင့်တက်လာခဲ့ပြီး ယခင်နှစ်ထက် ၂၀ ရာခိုင်နှုန်းမြင့်တက်လာခြင်းဖြစ်ကြောင်း၊ ထိုင်းနိုင်ငံသားများ၏ ကွန်ဒိုဝယ်ယူမှုသည် နှေးကွေးနေဆဲဖြစ်ကြောင်း၊ စီးပွားရေးကိုမြှင့်တင်လိုပါက နိုင်ငံခြားသားများဝယ်ယူမှုကို အားထားရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ပတ္တရားနှင့်ဖူးခက်တို့တွင် နိုင်ငံခြားသားများ၏ ကွန်ဒိုပိုင်ဆိုင်မှု မြင့်တက်လာနိုင်မည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားပါသည်။

ယခုနှစ် ပထမနှစ်ဝက်တွင် နိုင်ငံခြားသားများသို့ ကွန်ဒိုလွှဲပြောင်းပေးခဲ့မှု ၇,၃၃၈ ယူနစ်ဖြစ်ကြောင်း၊ တရုတ်က အများဆုံးဖြစ်ပြီး ၎င်းနောက် ရုရှား၊ အမေရိကန်တို့ဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်တွင် ဝယ်ယူမှုအဆင့် ၆ နေရာတွင်ရှိခဲ့သော မြန်မာနိုင်ငံသည် ယခုနှစ်တွင် အဆင့် ၈ နေရာဖြင့် ဝယ်ယူမှုထိပ်ဆုံး ၁၀ နိုင်ငံတွင် ပါဝင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံမှ ဝယ်ယူခဲ့မှုသည် တစ်ယူနစ်

လျှင် ပျမ်းမျှတန်ဖိုး ဘတ် ၇ သန်းရှိသော ကွန်ဒို ၁၈၂ ယူနစ်ဖြစ်ကြောင်း စင်တာ၏ ထုတ်ပြန်ထားသည့်စာရင်းအရ သိရှိရပါသည်။

နိုင်ငံခြားသားများထံသို့ ကွန်ဒိုအများဆုံးလွှဲပြောင်းမှုအချိုးမှာ ချွန်ဘူရီသည် အများဆုံးဖြစ်ပြီး ဗန်ကောက်၊ ဖူးခက်၊ ချင်းမိုင်နှင့်ပရာကျူဘ်ခီရီခန်တို့ဖြစ်ကြောင်း၊ ဘတ် ၃ သန်းနှင့်အောက် တန်ဖိုးရှိသောအမျိုးအစားသည် လူကြိုက်အများဆုံးဖြစ်ကြောင်း၊ ကပ်ရောဂါမတိုင်မီက ကျဆင်းခဲ့သော နိုင်ငံခြားဈေးကွက်သည် ယခုတဖန် ပြန်လည်မြင့်တက်လာကြောင်း Mr. Vichai က စင်တာမှထုတ်ပြန်ထားသည့် အချက်အလက်များအပေါ် ခြုံငုံသုံးသပ်ထားပါသည်။

**Source: www.bangkokpost. gov၊**

**(စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

https://myantrade.gov.mm/article/Naypyitawstp_200920231137

## အိန္ဒိယနိုင်ငံသည် ဩဂုတ်လတွင် အခြောက်သွေ့ဆုံးလအဖြစ် ကြုံတွေ့ခဲ့ရပြီးနောက် မဟာရက်ရှ်ထရာပြည်နယ်တွင် သကြားထွက်ရှိမှုသည် ၄ နှစ်အတွင်း အနိမ့်ဆုံးသို့ကျဆင်းသွားနိုင်

ရာစုနှစ်တစ်ခုကျော်အတွင်း ၂၀၂၃ ခုနှစ် ဩဂုတ်လသည် အိန္ဒိယနိုင်ငံ၏ အခြောက်သွေ့ဆုံးလအဖြစ် ကြုံတွေ့ခဲ့ရပြီးနောက် အိန္ဒိယနိုင်ငံ၏သကြားအဓိကထွက်ရှိသည့်မဟာရက်ရှ်ထရာပြည်နယ်တွင် ကြံအထွက်နှုန်းနည်းခြင်းကြောင့် သကြားထုတ်လုပ်မှုသည် ၂၀၂၃-၂၀၂၄ သီးနှံနှစ်တွင် ၁၄ ရာခိုင်နှုန်းကျဆင်းဖွယ်ရှိသည်ဟု အစိုးရတာဝန်ရှိသူများက ဗုဒ္ဓဟူးနေ့တွင် ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့ကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

သကြားအထွက်နှုန်းလျော့နည်းခြင်းသည် စားနပ်ရိက္ခာဈေးနှုန်းကိုမြင့်တက်လာစေနိုင်သည့်အတွက် သကြားတင်ပို့မှုကို အစိုးရက ကန့်သတ်ခြင်းများ ဆောင်ရွက်လာနိုင်ကြောင်းနှင့် ဆယ်စုနှစ်တစ်ခုကျော်အတွင်း အမြင့်ဆုံးနီးပါးရောက်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းကို ပိုမိုမြင့်တက်လာစေနိုင်ကြောင်း သိရသည်။ သို့သော် ပြည်တွင်းဈေးနှုန်းများ မြင့်မားခြင်းသည် သကြားထုတ်လုပ်သူများဖြစ်သည့် Balrampur Chini၊ Dwarikesh Sugar ၊ Shree Renuka Sugars နှင့် Dalmia Bharat Sugar တို့အတွက် အမြတ်အစွန်းပိုမိုရရှိစေမည်ဖြစ်ပြီး လယ်သမားများထံ အချိန်မီငွေပေးချေနိုင်မည်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယ၏သကြားထုတ်လုပ်မှု၏ သုံးပုံတစ်ပုံကျော်ထွက်ရှိသည့် မဟာရက်ရှ်ထရာပြည်နယ်သည် ၂၀၂၂-၂၀၂၃ သီးနှံရာသီတွင် တန်ချိန် ၁၀.၅ သန်းထွက်ရှိခဲ့ရာမှ ၂၀၂၃-၂၀၂၄ ရာသီတွင် တန်ချိန် ၉ သန်းသာထုတ်လုပ်နိုင်မည် ဖြစ်ကြောင်း၊ အရေးကြီးသည့်ကြီးထွားမှုအဆင့်တွင် ကြံသီးနှံသည် မိုးရေချိန်အလုံအလောက်မရရှိခဲ့သည့်အတွက် ခရိုင်အားလုံးနီးပါးမှာ သီးနှံအထွက်နှုန်းနည်းနေကြောင်း အနောက်အိန္ဒိယသကြားစက်များအသင်းဥက္ကဋ္ဌ B.B. Thombare က ပြောကြားထားသည်။

အရှိန်အဟုန်ဖြင့်ထုတ်လုပ်နိုင်မှုကြောင့် ကမ္ဘာ့သကြားဈေးကွက်ကို မကြာခဏအံ့အားသင့်စေသည့် မဟာရက်ရှ်ထရာပြည်နယ်သည် ဩဂုတ်လအတွင်း ပုံမှန်ထက်မိုးရေချိန် ၅၉ ရာခိုင်နှုန်းလျော့နည်းခဲ့သည်။ မဟာရက်ရှ်ထရာပြည်နယ်၏ သကြားကော်မရှင်နာ Chandrakant Pulkundwar ကလည်း ခြောက်သွေ့မှုနှင့်အပူချိန်မြင့်မားမှုကြောင့် ယခုနှစ်တွင် ကြံအထွက်နှုန်းလျော့နည်းမည်ဖြစ်ကြောင်း၊ ခြောက်သွေ့မှုဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုကို သက်သာစေရန်အတွက် ကြံသီးနှံသည် စက်တင်ဘာလတွင် မိုးရွာသွန်းမှု အလွန်အမင်းလိုအပ်နေကြောင်း ပြန်လည်သုံးသပ်ရေးအစည်းအဝေးတစ်ခုတွင် သကြားစက်များမှ ကိုယ်စားလှယ်များထံ အသိပေးပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် ရာစုနှစ်တစ်ခုကျော်အတွင်း အခြောက်သွေ့ဆုံးဩဂုတ်လအား ကြုံတွေ့ခဲ့ရပြီးနောက် စက်တင်ဘာလတွင် ပျမ်းမျှမိုးရေချိန်ရရှိဖွယ်ရှိကြောင်း အစိုးရပိုင်မိုးလေဝသဌာနက ခန့်မှန်းထားသည်။ မဟာရက်ရှ်ထရာပြည်နယ်၏ သကြားထွက်ရှိမှုသည် အိန္ဒိယနိုင်ငံ၏ ပို့ကုန်စွမ်းရည်အတွက် အရေးပါပြီး လာမည့်ရာသီအတွက် ပြည်ပသို့ တင်ပို့မှုအလားအလာကို စိတ်ပျက်ဖွယ်ဖြစ်စေသည်ဟု မွန်ဘိုင်းအခြေစိုက် အမည်မဖော်လိုသူ ကုန်သည်တစ်ဦးကပြောကြားသည်။

၂၀၂၁-၂၀၂၂ ရာသီချိန်တွင် မဟာရက်ရှ်ထရာပြည်နယ်သည် သကြားတန်ချိန် ၁၃.၇ သန်း စံချိန်တင်ထုတ်လုပ်ခဲ့ပြီး အိန္ဒိယအစိုးရသည် သကြားတန်ချိန် ၁၁.၂ သန်းစံချိန်တင်တင်ပို့ဆောင်ရွက်နိုင်ခဲ့သော်လည်း ၂၀၂၂-၂၀၂၃ သီးနှံရာသီတွင် သကြားအထွက်နှုန်းသည် ၁၀.၅ သန်းအထိကျဆင်းသွားသောကြောင့် အိန္ဒိယသည် ပို့ကုန်တန်ချိန်အား ၆.၁ သန်းသို့ လျှော့ချခဲ့သည်။

အိန္ဒိယအစိုးရသည် ရာသီချိန်စတင်သည့်အောက်တိုဘာလမှစတင်ကာ ခုနစ်နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် သကြား တင်ပို့ခြင်းကို ပိတ်ပင်ရန်ဆောင်ရွက်လာနိုင်ကြောင်း အစိုးရသတင်းရင်းမြစ်သုံးခုက ပြီးခဲ့သည့်လက Reuters သို့ ပြောကြား ခဲ့ကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားသည်။

ယခုအချိန်တွင် အယ်နီညိုရာသီဥတု၏ သက်ရောက်မှုကြောင့် နိုင်ငံအများစု၏ စိုက်ပျိုးရေးထွက်ကုန်များ ထွက်ရှိမှု ကျဆင်းလာနိုင်ကြောင်း ခန့်မှန်းလျက်ရှိကြပြီး နိုင်ငံအများစုသည် စားသောက်ကုန်စည်များကို ဝယ်ယူစုဆောင်း သိုလှောင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။ ထို့အတူ အိန္ဒိယနိုင်ငံသည် စားနပ်ရိက္ခာဖူလုံရေးနှင့် ကုန်ဈေးနှုန်း ကြီးမြင့်မှုအား ထိန်းချုပ်နိုင်ရန်အတွက် အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဂျုံတင်ပို့မှုများကို ကန့်သတ်ထားသကဲ့သို့ ယခုအခါတွင် သကြားကိုလည်း ကန့်သတ်ဆောင်ရွက်နိုင်ကြောင်း အများစုက သုံးသပ်လျက်ရှိပါသည်။ ယခုအခါ မြန်မာနိုင်ငံမှ သကြားကို ဗီယက်နမ်နိုင်ငံမှ ဝယ်ယူတင်သွင်းရန် ကမ်းလှမ်းမှုများရှိသကဲ့သို့ အိန္ဒိယနိုင်ငံမှ ကုမ္ပဏီတစ်ချို့ကလည်း ပြည်တွင်း လုပ်ထုံးလုပ်နည်းများအရ တင်ပို့ရန်အခက်အခဲများရှိသဖြင့် မြန်မာနိုင်ငံမှတစ်ဆင့်ဝယ်ယူတင်ပို့ရန် စုံစမ်းမှုများရှိလာသည်ကို တွေ့ရှိရသဖြင့် သကြားတင်ပို့မှု၊ ဈေးကွက်ချဲ့ထွင်နိုင်ရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် လိုအပ်သည့်မူဝါဒများ ချမှတ်ဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြလိုက်ရပါသည်။

**Source: Maharashtra sugar output set to fall to lowest in 4yrs after dry August, The Economic Times, September 13, 2023.**

**(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**

https://myantrade.gov.mm/article/STP(Ygn)%20_19092023_22:46

## မန္တလေးကုန်စည်ဒိုင် ပြောင်းဖူးစေ့ဈေးကွက် ဆက်တိုက်ကျဆင်းလာ

စက်တင်ဘာလ တတိယပတ်အတွင်း မန္တလေးကုန်စည်ဒိုင်သို့ ရှမ်းပြည်နယ်နှင့်အညာဒေသဘက်မှ ပြောင်းဖူးစေ့ များ ဝင်ရောက်လျက်ရှိနေသည်။ ထိုင်းနိုင်ငံသို့ တင်ပို့မှုမရှိခြင်း၊ တရုတ်ဝယ်လက်မှ အနည်းငယ်သာဝယ်ယူမှုရှိခြင်း၊ ပြောင်းဖူးစေ့ အသစ် ဝင်ရောက်မှုများခြင်းတို့ကြောင့် ပြောင်းဖူးစေ့ဈေးနှုန်း ဆက်တိုက်ကျဆင်းလာကြောင်း မန္တလေးကုန်စည်ဒိုင် ဈေးကွက်မှသိရသည်။

**ရှမ်းပြောင်းဖူးစေ့(ရှမ်း)** ၅၄ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၅၆၀၀၀၊ ယခင်တစ်ပတ် ကျပ် ၅၈၀၀၀ မှ ၅၉၀၀၀၊ ယခင်လ ကျပ် ၆၂၀၀၀ မှ ၆၂၅၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၂၀၀၀ မှ ၃၀၀၀ ၊ ယခင်လထက် ကျပ် ၆၀၀၀ မှ ၆၅၀၀ နိမ့်ကျလာသည်။

**စီပီပြောင်း** ၅၄ ပိဿာဝင်သုံးတင်း တစ်အိတ်ဈေးနှုန်းမှာ ယခုတစ်ပတ် ကျပ် ၅၆၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၅၈၀၀၀ မှ ၅၉၀၀၀၊ ယခင်လ ကျပ် ၆၁၀၀၀ မှ ၆၂၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက်ကျပ် ၂၀၀၀ မှ ၃၀၀၀၊ ယခင်လထက်ကျပ် ၅၀၀၀ မှ ၆၀၀၀ နိမ့်ကျလာသည်။

**ဗမာပြောင်းဖူးစေ့** ၅၄ ပိဿာဝင်သုံးတင်း တစ်အိတ်ဈေးနှုန်းမှာ ယခုတစ်ပတ် ကျပ် ၅၅၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၅၆၅၀၀ မှ ၅၇၀၀၀ ၊ ယခင်လ ကျပ် ၆၀၀၀၀ မှ ၆၀၅၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက်ကျပ် ၁၅၀၀ မှ ၂၀၀၀ ၊ ယခင်လထက် ကျပ် ၅၀၀၀ မှ ၅၅၀၀ နိမ့်ကျလာသည်။

**Source: မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## ပြည်တွင်းရော်ဘာဈေး အမြင့်ဈေးတွင်ငြိမ်နေ

မိုးတွင်းကာလ ရော်ဘာထွက်ရှိမှုနည်းနေသောကြောင့် ရော်ဘာဈေး အမြင့်ဈေးတွင်ငြိမ်နေကြောင်း လုပ်ငန်းရှင်များထံမှ သိရသည်။

ယင်းအပြင် ပြည်တွင်းရော်ဘာဈေးမှာ နိုင်ငံတကာပေါက်ဈေးပေါ်မူတည်ပြီး ဈေးအတက်အကျဖြစ်ပေါ်ခြင်းဖြစ်ပြီး လက်ရှိ ကမ္ဘာ့ဈေးမှာ မြင့်တက်နေခြင်းကြောင့် အမြင့်ဈေးတွင်ရှိနေခြင်းဖြစ်ကြောင်းလည်း သိရသည်။




အခုက ခြံတွေသာ ဖွင့်ထားတာ မိုးတွေရွာနေတော့ ဘာမှမထွက်သေးဘူး၊ ဈေးကွက်က ဒီတိုင်းပုံမှန်ပဲသွားနေတယ်။ ဈေးကတော့ ခြံပိတ်ရာသီကတည်းက ဒီဈေးပတ်ဝန်းကျင်မှာပဲရှိနေတယ်။ မိုးရာသီကုန်လို့ ပစ္စည်းထွက်လာရင်တော့ ဘယ်လိုပုံစံမျိုး ဖြစ်လာမလဲမသိသေးဘူး။ ပစ္စည်းအမြောက်အများ ထွက်လာရင်တော့ ဈေးကွက်ပုံမှန်ဖြစ်သွားမှာပေါ့”ဟု မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း အတွင်းရေးမှူး ဦးခိုင်မြင့်ကပြောသည်။

လက်ရှိ ပြည်တွင်းရော်ဘာတစ်ပေါင်လျှင် ၁၇၀၀ကျော် မှ ၁၈၀၀ ဝန်းကျင်ထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။ ရော်ဘာမှာ ဈေးတန်းတခုရရှိနေသော်လည်း မိုးများရွာသွန်းနေခြင်းကြောင့် ပစ္စည်းမှလိုသလောက်မရရှိ၍ ဈေးကွက်ငြိမ်နေခြင်းဖြစ်ကြောင်းလည်း လုပ်ငန်းရှင်တချို့ထံမှ သိရသည်။

လက်ရှိ နိုင်ငံတကာရော်ဘာပေါက်ဈေးမှာ အနည်းငယ်တက်လာပြီး ဒေါ်လာ ၁၆၀၀ ကျော်ထိ ပေါက်ဈေးရှိကြောင်း သိရသည်။ နိုင်ငံတကာပေါက်ဈေးကတော့ ပြီးခဲ့တဲ့ နှစ်ပတ်လောက်ထဲက တက်လာတယ်။ ပြည်တွင်းဈေးက နိုင်ငံတကာဈေးပေါ်မှာပဲ မူတည်တယ်။ အခုက ပင်လယ်ရေကြောင်းက အဓိကတင်ပို့နေတယ်။ နယ်စပ်က မှောင်ခိုသွားကြတာများတယ်။ လက်ရှိမှောင်ခိုတွေကို exporter တွေအနေနဲ့ ယှဉ်ပို့လို့မရဘူးဖြစ်နေတယ်”ဟု ရော်ဘာလုပ်ငန်းရှင်တစ်ဦးကပြောသည်။

ပြည်ပလိုအပ်ချက်များရှိနေပြီး ဒေါ်လာဈေးမှာလည်း အမြင့်ဈေးတွင်ရှိနေသောကြောင့် တစ်ထောင်အောက်ကနေ ရော်ဘာဈေးမှာ တစ်ထောင်အထက်သို့ တဖြည်းဖြည်းရောက်ရှိခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ လက်ရှိတွင် ရော်ဘာကို နယ်စပ်တင်ပို့မှုထက် ပင်လယ်ရေကြောင်းမှ အဓိကတင်ပို့မှုများကြောင်းသိရသည်။

မြန်မာ့ရော်ဘာစုစုပေါင်း၏ ၇၅ ရာခိုင်နှုန်းခန့်အား တရုတ်နိုင်ငံသို့ အဓိကတင်ပို့လျက်ရှိပြီး ယခုနှစ် ဘဏ္ဍာနှစ် ၆ လတာ ကာလတွင် ပြည်ပသို့ရော်ဘာတန်ချိန် တစ်သိန်းနီးပါးထိ တင်ပို့ထားကြောင်းသိရသည်။ မြန်မာနိုင်ငံတွင် ရော်ဘာတစ်နိုင်ငံလုံး စိုက်ဧက တစ်သန်းခြောက်သိန်းလေးသောင်းကျော်ထိရှိကြောင်း သိရသည်။

**Source: AMIA**

**https://t.me/htwettoe**

## ၂၀၂၃ ခုနှစ်၊ ဇူလိုင်လအတွက် ဟောင်ကောင်ဒေသ ပြည်ပကုန်သွယ်မှု စာရင်းဇယားထုတ်ပြန်

ဟောင်ကောင်ဒေသ၏ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လအတွင်း စုစုပေါင်း ပို့ကုန်/သွင်းကုန်ပမာဏမှာ ၂၀၂၂ ခုနှစ် ဇူလိုင်လနှင့် နှိုင်းယှဉ်ပါက ၁၁.၅ နှင့် ၁၀.၄ ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့ပါသည်။ ၂၀၂၃ ၏ ဇန်နဝါရီလမှဇူလိုင်လအတွင်း ပို့ကုန်/သွင်းကုန်ပမာဏအနေဖြင့်လည်း ၂၀၂၂ ခုနှစ် အလားတူကာလနှင့်နှိုင်းယှဉ်လျှင် ၁၇.၇ ရာခိုင်နှုန်းနှင့် ၁၅.၄ ရာခိုင်နှုန်း အသီးသီး ကျဆင်းသွားသကဲ့သို့ ဈေးနှုန်းများပြောင်းလဲခြင်းကြောင့် စုစုပေါင်းပို့ကုန်/သွင်းကုန်ဈေးနှုန်းများ ၄.၂ ရာခိုင်နှုန်းနှင့် ၃.၈ ရာခိုင်နှုန်း အသီးသီးမြင့်တက်သွားခဲ့ကြောင်း ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၁၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ဟောင်ကောင်ဒေသ သန်းခေါင်စာရင်းနှင့်စာရင်းအင်းဌာနမှ ထုတ်ပြန်သည့်အချက်အလက်များတွင် ဖော်ပြထားပါသည်။

၂၀၂၃ ခုနှစ် မေလမှ ဇူလိုင်လ သုံးလပတ်ကာလအတွင်း ပို့ကုန်/သွင်းကုန်ပမာဏသည် ဖေဖော်ဝါရီလမှဧပြီလ သုံးလပတ်ကာလ၏ ပို့ကုန်/သွင်းကုန်ပမာဏထက် ၈.၄ ရာခိုင်နှုန်းနှင့် ၆.၁ ရာခိုင်နှုန်း အသီးသီးကျဆင်းသွားပါသည်။ လျှော့ဈေးများကြောင့် ပြည်ပကုန်စည် ကုန်သွယ်မှုတန်ဖိုးပြောင်းလဲသွားခြင်းကြောင့် ဟောင်ကောင်ဒေသ၏ ပြည်ပကုန်သွယ်မှုပမာဏ ပြောင်းလဲသွားခြင်းဖြစ်ပါသည်။ ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ၏ စုစုပေါင်းကုန်စည် ပို့ကုန်/သွင်းကုန်တန်ဖိုးများအနေဖြင့် ၃.၀ ရာခိုင်နှုန်းနှင့် ၃.၃ ရာခိုင်နှုန်း အသီးသီးကျဆင်းသွားပါသည်။

ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၂၀၂၃ ခုနှစ် ဇူလိုင်လတွင် ဟောင်ကောင်ဒေသ၏ အဓိကပို့ကုန်ဈေးကွက်များဖြစ်သည့် တရုတ်ပြည်မ (-၁၆.၇ ရာခိုင်နှုန်း) ၊ အိန္ဒိယ (-၁၀.၇ ရာခိုင်နှုန်း)၊ ထိုင်ဝမ် (-၁၀.၂ ရာခိုင်နှုန်း)၊ အမေရိကန် (-၉.၇) နှင့် ဗီယက်နမ် (-၁.၀ ရာခိုင်နှုန်း) ကျဆင်းခဲ့ပြီး၊ အဓိကပို့ကုန်ဈေးကွက်များသို့ စုစုပေါင်း ပို့ကုန်ဈေးနှုန်းများအနေဖြင့် အိန္ဒိယ (၁၁.၀

ရာခိုင်နှုန်း)၊ အမေရိကန် (၄.၅ ရာခိုင်နှုန်း)၊ ထိုင်ဝမ် (၃.၉ ရာခိုင်နှုန်း)၊ ဗီယက်နမ် (၃.၇ ရာခိုင်နှုန်း) နှင့် တရုတ်ပြည်မ (၂.၀ ရာခိုင်နှုန်း) အသီးသီး မြင့်တက်သွားပါသည်။

သွင်းကုန်တင်သွင်းမှုအပိုင်းတွင် ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂၀၂၃ ခုနှစ် ဇူလိုင်လတွင် ဟောင်ကောင် ဒေသ၏ အဓိကသွင်းကုန်တင်သွင်းသည့် ဒေသများဖြစ်သည့် ထိုင်ဝမ် (-၂၃.၀ ရာခိုင်နှုန်း)၊ စင်ကာပူ (-၁၃.၇ ရာခိုင်နှုန်း)၊ အမေရိကန် (-၁၁.၅ ရာခိုင်နှုန်း)၊ ဂျပန် (-၁၀.၇ ရာခိုင်နှုန်း) နှင့် တရုတ်ပြည်မ (-၈.၄ ရာခိုင်နှုန်း) ကျဆင်းခဲ့ပြီး အဓိက သွင်းကုန်တင်သွင်းသူ၏ သွင်းကုန်ဈေးနှုန်းများအနေဖြင့် တရုတ်ပြည်မ (၄.၉ ရာခိုင်နှုန်း) ၊ ထိုင်ဝမ် (၄.၈ ရာခိုင်နှုန်း)၊ စင်ကာပူ (၄.၈ ရာခိုင်နှုန်း)၊ ဂျပန် (၃.၂ ရာခိုင်နှုန်း) နှင့် အမေရိကန် (၂.၄ ရာခိုင်နှုန်း) မြင့်တက်သွားပါသည်။

**Source: စီးပွားရေးသံမှူး၊ ဟောင်ကောင်**

https://myantrade.gov.mm/article/Naypyitawstp_190920230405

## STOCK EXCHANGE (20.9.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 20th Sep. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,011 (Shares) | 8,885,000 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,300 | +400 | +4.49% | 9,300 | 9,300 | 9,300 | 3 | 27,900 | 33,109,694 | 307,920 |
| MTSH | 00002 | 3,000 | -50 | -1.64% | 3,050 | 3,050 | 3,000 | 2,806 | 8,473,000 | 38,929,150 | 116,788 |
| MCB | 00003 | 7,500 | +0 | +0.00% | 7,500 | 7,500 | 7,500 | 1 | 7,500 | 10,400,986 | 78,007 |
| FPB | 00004 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,700 | 162 | 275,400 | 29,664,613 | 50,430 |
| TMH | 00005 | 2,400 | +50 | +2.13% | 2,400 | 2,400 | 2,400 | 7 | 16,800 | 12,823,224 | 30,776 |
| EFR | 00006 | 2,300 | +100 | +4.55% | 2,300 | 2,300 | 2,300 | 4 | 9,200 | 19,977,223 | 45,948 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 8 | 39,200 | 10,497,598 | 51,438 |
| MAEX | 00008 | 1,800 | +0 | +0.00% | 1,800 | 1,800 | 1,800 | 20 | 36,000 | 23,804,946 | 42,849 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 20th Sep. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 383.93 | +7.39 | +1.96% | 384.62 | 384.96 | 383.93 | 3,011 | 8,885,000 | 8 | 724,156 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 11:30 am, 21st Sep. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,288 (Shares) | 11,132,800 (MMK) |

| MYANPIX | 374.81 ▼ 9.12 |
|---|---|
| Total Volume (shares) | 4,288 |
| Total Value (MMK) | 11 mil |
| Listed Company | 8 |
| Market Cap. (MMK) | 706,957 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▼ 300 |
| MTSH | 00002 | 3,000 | ▲ 0 |
| MCB | 00003 | 7,300 | ▼ 200 |
| FPB | 00004 | 1,700 | ▲ 0 |
| TMH | 00005 | 2,400 | ▲ 0 |
| EFR | 00006 | 2,100 | ▼ 200 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,750 | ▼ 50 |

TIR